## တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

## နဝမနေ့အစီအစဉ်

## ၁၇-၆-၂၀၂၆ (ဗုဒ္ဓဟူးနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "မုံရွာမြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအခြေခံနည်းပညာရပ်များကို KG+10, 11,12 အတန်းများ၌ မည်မျှအထိ စီမံသင်ကြားအကောင်အထည်ဖော်နေသည်၊ အဆိုပါပညာရပ်များကို သင်ယူပြီးမြောက်သော လူငယ်များအတွက် ဒေသတွင်း အလုပ်အကိုင်အခွင့် အလမ်းများဖန်တီးပေးရန် အစီအစဉ်ရှိ/မရှိနှင့် ကျောင်းနှုတ်ထွက်နှုန်း လျော့ကျစေ ရန်အတွက် အစိုးရအနေဖြင့် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ရေဦးမြို့နယ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် စာသင်ကျောင်းများဖွင့်လှစ်ရာတွင် ပညာရေးဝန်ကြီး ဌာနမှ အခမဲ့ဖြန့်ဝေပေးသောကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်နှင့်အခြားကျောင်းသုံး ပစ္စည်းများအား ရေဦးမြို့သို့ အချိန်မီရောက်ရှိရေးအတွက် မည်သို့စီစဉ်ဆောင်ရွက် ထားသည်၊ ရေဦးမြို့နယ်ပညာရေးမှူးရုံးနှင့် စာသင်ကျောင်းများ၊ ရုံးလုပ်ငန်း ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်အတွက် ဆိုလာတပ်ဆင်ပေးရန် အစီ အစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးတင်မင်းထွန်း၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏**

(၁) ''တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဖောင်းပြင်မြို့၊ နန်းပင်ကျေးရွာရှိ အ.ထ.က(ခွဲ)နန်းပန် ကျောင်းဆောင်သစ် ထိခိုက်ပျက်စီးမှုများအား ပြုပြင်ဆောင်ရွက်ပေးပြီး အပြီးသတ်ဆောက်လုပ်ပေးရန်နှင့် အန္တရာယ်ရှိ ကျောင်းဆောင်ဟောင်းအား ဖျက်ဆီးခွင့်ပြုနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(၂) "ဖောင်းပြင်မြို့ရှိသာသနာရေးဦးစီးဌာနရုံးမြေနေရာတွင် သာသနာရေးဦးစီး ဌာနရုံးအဆောက်အဦ ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရုံးဝန်ထမ်း ခန့်အပ် ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးကျော်သူ၊ ကောလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''အကြောင်း အမျိုးမျိုးကြောင့် ပညာရေးဌာနနှင့် အဆက်အသွယ်ပြတ်နေသော ဝန်ထမ်းများအား ပညာရေးဌာနမှ နောက်တစ်ကြိမ် ပြန်လည်ဆက်သွယ်ပြီး တာဝန်များပြန်လည် ပေးအပ်ရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးနိုင် မည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးရဲနောင်၊ ကလေးဝမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ဟုမ္မလင်း မြို့နယ်၊ နောင်ပိုအောင်ကျေးရွာအတွင်းရှိ နိမ့်ကျပျက်စီးနေသော နောင်သိမ်အင်း ရေထွက်ပေါက် ချောင်းကူးသံကူကွန်ကရစ်တံတားအား သက်ဆိုင်ရာဝန်ကြီးဌာနမှ အမြန်ဆုံး ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''မုံရွာမြို့၊ သလ္လာအမှတ်(၁၁)ရပ်ကွက်နှင့် မြဝတီနယ်မြေ(၁)ရပ်ကွက် (၂)ခုအကြားရှိ မြဝတီလမ်း၏ ကျန်ရှိနေသော ခန့်မှန်းပေ(၁၀၀၀)ခန့်အား နိုင်လွန်ကတ္တရာလမ်း အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည် ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးမင်းဇော်၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နှင့် မင်္ဂလာဥယျာဉ်ရပ်ကွက် နယ်မြေ(၁)ရှိ ၂၀၁၈ ခုနှစ်က တည်ဆောက်ထားသည့် ဥပုဒ်ချောင်းကူး (၇၁ ပေ × ၁၂ ပေရှိ) သစ်သားတံတားမှာ ဖြတ်သန်းသွားလာရာတွင် အန္တရာယ်များလှသောကြောင့် သစ်သားတံတားအား ဖျက်သိမ်းပြီး ဘေလီသစ်သားတံတား (သို့မဟုတ်) သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။

၇။ လွှတ်တော်ဥက္ကဋ္ဌမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။

၈။ လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကို ရှင်းလင်းဖတ်ကြားခြင်း။

၉။ လွှတ်တော်ဥက္ကဋ္ဌမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း။

၁၀။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။